# အနာကြီးရောဂါ

မြန်မာနိုင်ငံတွင် အနာကြီးရောဂါအား ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၈ ရက် နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပသော Third Global Alliance for Elimination of Leprosy မှ မြန်မာနိုင်ငံသည် အနာကြီး ရောဂါကင်းဝေးသော နိုင်ငံဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပါသည်။ ၂၀၀၃ ခုနှစ် အကုန်တွင် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံးတွင် အနာကြီး ရောဂါမှကင်းဝေးခဲ့ပါသည်။

## အနာကြီးရောဂါဖြစ်ပွားမှု လျော့နည်းရေးလုပ်ငန်းများ

မြန်မာနိုင်ငံသည် အနာကြီးရောဂါကင်းဝေးသော နိုင်ငံတစ်နိုင်ငံဖြစ်လာပြီးနောက် အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် ၎င်းအခြေအနေကို ရေရှည်တည်တံ့ခိုင်မြဲအောင် အဓိကထားထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ လူနာသစ်ရှာဖွေဖေါ်ထုတ်ခြင်းနှင့် အမ်ဒီတီဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို အဓိက ဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အနာကြီးရောဂါသည်များ ဆက်လက်ရှိနိုင်သေးသည့် အောက်ပါဒေသများတွင် လူနာသစ်ရှာဖွေခြင်းလုပ်ငန်းကို အထူးသဖြင့် ဦးစားပေးဆောင်ရွက်၍ အမ်ဒီတီဆေးကျွေးမည် ဖြစ်ပါသည်။ ၎င်းဒေသများမှာ-



- အနာကြီးရောဂါဖြစ်ပွားနှုန်း ဆက်လက်မြင့်မားနေသေးသောဒေသများ
- စီမံချက်လွှမ်းခြုံမှု မရှိသေးသောဒေသများ
- ရွှေ့ပြောင်းလူအုပ်စုများရှိသောဒေသများ
- မြို့ပြနှင့်မြို့ဆင်ခြေဖုံးဒေသများ ဖြစ်ပါသည်၊

## အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါမသန်မစွမ်းဖြစ်မှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ

အနာကြီးရောဂါမှ ကင်းဝေးမှုရပြီးနောက် မသန်မစွမ်းမှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသည်အရေးပါသော စိန်ခေါ်ချက်တစ်ခု ဖြစ်လာပါသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုစီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် ကိုယ်ခန္ဓာလှုပ်ရှားမှုဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ ၂၀၀၃ခုနှစ်မှ စတင်၍ မသန်မစွမ်းဖြစ်ပွားမှုကာကွယ်ရေးလုပ်ငန်းကို မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်(၁၁) မြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ ပဲခူးတိုင်းအတွင်းရှိ အခြားမြို့နယ်များသို့ပါ အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## လက်ရှိအခြေအနေနှင့်အောင်မြင်မှုများ

| အညွှန်းကိန်း | ၂၀၀၆ | ၂၀၀၇ |
| --- | --- | --- |
| စာရင်းဝင်လူနာပေါင်း | ၂၇၀၈ | ၂၆၇၉ |
| အနာကြီးရောဂါဖြစ်ပွားနှုန်း(လူဦးရေ၁၀,၀၀၀လျှင်) | ၀.၄၉ | ၀.၄၈ |
| လူနာသစ်ဦးရေ | ၃၇၅၆ | ၃၅၇၁ |
| အနာကြီးရောဂါ ကုသပျောက်ကင်းပြီးသူပေါင်း(တစ်နှစ်အတွင်း) | ၃၈၀၇ | ၃၆၉၄ |
| အနာကြီးရောဂါ ကုသပျောက်ကင်းပြီးသူပေါင်း(စုစုပေါင်း) | ၂၅၉,၉၆၃ | ၂၆၃,၆၅၇ |



*ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ*
*အနာကြီးရောဂါကင်းဝေးမှု သုံးနှစ်မြောက်အခမ်းအနားတွင်*
*ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုနေစဉ်*